ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီးရုံး

<u>အမိန့်ကြော်ငြာစာ</u>

အမှတ်၊ ၉၁ /၂၀၁၈

၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက်
(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်)

အထူးကုန်စည်ခွန် ကျသင့်သည့် ကုန်စည်အမျိုးအစားများနှင့်စပ်လျဉ်း၍
အဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုခြင်း

၁။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက် ဥပဒေ နှင့် ၂၀၁၈-၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေတို့၏ ပုဒ်မ ၉ အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့် ကို ကျင့်သုံး၍ ထိုဥပဒေနှစ်ရပ်၏ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ) ဇယားတို့ပါ အထူးကုန်စည်ခွန် ကျသင့် စေရမည့် ကုန်စည်အမျိုးအစားများ အနက် ရှင်းလင်း ဖော်ပြရန် လိုအပ်သည့် အထူးကုန်စည် (၃) မျိုးနှင့် စပ်လျဉ်း၍ ရှင်းလင်းစွာသိရှိနိုင်စေရန်အတွက် အဓိပ္ပာယ် ရှင်းလင်းဖွင့်ဆိုခြင်း ဖြစ်ပါသည်။

**သက်ဆိုင်သည့်အကြောင်းအရာ**

၂။ ဤအဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုချက်သည် ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ နှင့် ၂၀၁၈-၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေတို့၏ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ) ဇယား တို့ပါ အထူးကုန်စည်ခွန် ကျသင့်စေရမည့် အထူးကုန်စည် (၃) မျိုးနှင့်စပ်လျဉ်း၍ ဤဝန်ကြီးဌာနက မည်သို့ အဓိပ္ပာယ်ဖွင့်ဆိုကြောင်း ရှင်းလင်းအသိပေးချက် ဖြစ်ပါသည်။

**အကျိုးသက်ရောက်သူများ**

၃။ ဤထုတ်ပြန်ချက်သည်အထူးကုန်စည်ကို ပြည်တွင်း၌ထုတ်လုပ်သူ၊ ပြည်တွင်းသို့တင်သွင်းသူ နှင့် ပြည်ပသို့တင်ပို့သူ အခွန်ထမ်းများအပေါ် အကျိုးသက်ရောက်ပါသည်။

**သက်ဆိုင်ရာဥပဒေပြဋ္ဌာန်းချက်**

၄။ အထူးကုန်စည်ခွန်ဥပဒေ ပုဒ်မ ၅ အရ အထူးကုန်စည်ကို ပြည်တွင်းသို့ တင်သွင်းသူ၊ ပြည်တွင်း၌ ထုတ်လုပ်သူ၊ ပြည်ပသို့တင်ပို့သူ၊ အထူးကုန်စည်ကို လက်ဝယ်ထားရှိသူ အခွန်ထမ်းများ

သည် မိမိရောင်းချသည့် အထူးကုန်စည်တန်ဖိုးအပေါ်တွင် ကျသင့်သည့် အထူးကုန်စည်ခွန်ကို ပေးဆောင်ရန် တာဝန်ရှိပါသည်။

၅။ ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေနှင့် ၂၀၁၈-၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေတို့၏ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ) တို့တွင် အထူးကုန်စည်ခွန် ကျသင့်သည့် အထူးကုန်စည် အမျိုးအစားများကို ပြဋ္ဌာန်းထားပါသည်။

၆။ အဆိုပါ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ နှစ်ရပ်၏ ပုဒ်မ ၃၄ တွင် ကျောက်စိမ်း၊ ပတ္တမြား၊ နီလာနှင့် အခြားအဖိုးတန်ကျောက်မျက်ရတနာ အရိုင်းထည်များ တူးဖော်ထုတ်လုပ်ခြင်း၊ ကျောက်မျက်ရတနာအချောထည်နှင့် လက်ဝတ်ရတနာများထုတ်လုပ်ခြင်း၊ ဝယ်ယူရောင်းချခြင်း လုပ်ငန်းတို့သည် ကျောက်မျက်ရတနာ သို့မဟုတ် လက်ဝတ်ရတနာများကို ကျပ်ငွေဖြင့်ဖြစ်စေ၊ နိုင်ငံခြားငွေဖြင့်ဖြစ်စေ ရောင်းရငွေအပေါ်တွင် အထူးကုန်စည်ခွန် ထမ်းဆောင်ရမည့်အပြင် ယင်းတို့ကို ပြည်တွင်းသို့တင်သွင်းခြင်း၊ ထုတ်လုပ်ရောင်းချခြင်းနှင့် ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက် ခြင်းတို့အတွက် ကုန်သွယ်လုပ်ငန်းခွန် မစည်းကြပ်ထိုက်သည့်ရောင်းရငွေ သတ်မှတ်ခြင်းနှင့် သက်ဆိုင်ခြင်းမရှိဘဲ ကုန်သွယ်လုပ်ငန်းခွန် ငါးရာခိုင်နှုန်း ပေးဆောင်ရမည်ဖြစ်ကြောင်း ပြဋ္ဌာန်း ထားပါသည်။

အဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုချက်

၇။ ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကို ၃၀-၃-၂၀၁၈ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ် ၁၀ ဖြင့်လည်းကောင်း၊ ၂၀၁၈-၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေ ကို ၂၅-၉-၂၀၁၈ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၂ ဖြင့် လည်းကောင်း ထုတ်ပြန်ပြဋ္ဌာန်း ခဲ့ပါသည်။ ထိုဥပဒေနှစ်ရပ်၏ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (က) နှင့် (ခ) ပါအထူးကုန်စည်အမျိုးအစားများအပေါ်တွင် ပြဋ္ဌာန်းထားသည့်အတိုင်း အထူးကုန်စည်ခွန်ကျသင့် မည် ဖြစ်ပါသည်။

၈။ အဆိုပါ အခွန်ကျသင့်သည့် အထူးကုန်စည်အမျိုးအစားများနှင့်သက်ဆိုင်သည့် အဓိပ္ပာယ်ကို ရှင်းလင်းစွာ သိရှိမှသာ အထူးကုန်စည်ခွန်ကျသင့်သည့် အထူးကုန်စည်များအပေါ် မှန်ကန်ထိရောက်စွာ ကောက်ခံဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

၉။ သို့ဖြစ်ပါ၍ အဆိုပါ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေနှစ်ရပ်၏ ပုဒ်မ ၉ အရ အပ်နှင်း ထားသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ထိုဥပဒေနှစ်ရပ်၏ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ) တို့ပါ အထူးကုန်စည်များအနက် ရှင်းလင်းဖော်ပြရန်လိုအပ်သည့် အထူးကုန်စည်များ၏ အဓိပ္ပာယ် ရှင်းလင်း ဖော်ပြချက်များကို အောက်ပါအတိုင်း ထုတ်ပြန်သတ်မှတ်လိုက်သည် -

(က) ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေနှင့် ၂၀၁၈-၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေတို့၏ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (က) ဇယား အမှတ်စဉ် ၁၁ နှင့် ပုဒ်မခွဲ (ခ) ဇယား အမှတ်စဉ် ၂ ပါ "သစ်လုံး၊ သစ်ခွဲသားများ"

ဟူသော စကားရပ်သည် အောက်ပါဇယား၏ အမှတ်စဉ် ၁ မှ ၃ အထိတွင် ဖော်ပြထားသော အခြေခံအဆင့်ခွဲစိတ်ထားသည့် သစ်ခွဲသား (Rough Sawn) များကို ဆိုလိုကြောင်း အဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုပါသည် -

| စဉ် | | အမျိုးအမည် | H.S Code | သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | | သစ်ခွဲသား (Sawn Timber/ Conversion/ Lumber) | 44.07 | အခြေခံအဆင့်ခွဲစိတ်ထားသော သစ်ခွဲသား (Rough Sawn) |
| | A | ဒုသစ် (Square) | 44.07 | အခြေခံအဆင့်ခွဲစိတ်ထားသော သစ်ခွဲသား (Rough Sawn) |
| | B | တိုင် (Post) | 44.07 | အခြေခံအဆင့်ခွဲစိတ်ထားသော သစ်ခွဲသား (Rough Sawn) |
| | C | ရှည်ကြီး (Flitch) | 44.07 | အခြေခံအဆင့်ခွဲစိတ်ထားသော သစ်ခွဲသား (Rough Sawn) |
| | D | ရှည်ပျဉ် (Plank) | 44.07 | အခြေခံအဆင့်ခွဲစိတ်ထားသော သစ်ခွဲသား (Rough Sawn) |
| | E | ပျဉ် (Board) | 44.07 | အခြေခံအဆင့်ခွဲစိတ်ထားသော သစ်ခွဲသား (Rough Sawn) |
| ၂ | | သစ်ပါးလွှာရှည်ကြီး (Flitch for Veneer) | 44.07 | အခြေခံအဆင့်ခွဲစိတ်ထားသော သစ်ခွဲသား (Rough Sawn) |
| ၃ | | အလှဆင်သဘာဝဘုတ်ပြား (Natural Decorative Board / Table Top) | 44.07 | အခြေခံအဆင့်ခွဲစိတ်ထားသော သစ်ခွဲသား (Rough Sawn) |

(ခ) ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ နှင့် ၂၀၁၈-၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေတို့၏ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (က) ၏ ဇယား အမှတ်စဉ် ၁၃၊ ပုဒ်မခွဲ (ခ) ၏ ဇယားအမှတ်စဉ် ၄ နှင့် ပုဒ်မ ၃၄ တို့ပါ "အခြားအဖိုးတန်ကျောက်မျက်ရတနာအရိုင်းထည်များ" ဟူသောစကားရပ်နှင့် ပုဒ်မ ၁၁၊ ပုဒ် ခွဲ (က)၏ ဇယားအမှတ်စဉ် ၁၄၊ ပုဒ်မခွဲ (ခ) ၏ ဇယားအမှတ်စဉ် ၅ နှင့် ပုဒ်မ ၃၄ တို့ပါ "အခြားအဖိုးတန်ကျောက်မျက်ရတနာအချောထည်များ" ဟူသော စကားရပ်တို့သည် အောက်ပါဇယားတွင်သတ်မှတ်သည့်အတိုင်း ဆိုလိုကြောင်း အဓိပ္ပာယ်ရှင်းလင်းဖွင့်ဆို ပါသည် -

| စဉ် | အမှတ်စဉ် | အထူးကုန်စည် အမျိုးအစား | ရှင်းလင်းဖော်ပြချက် |
|---|---|---|---|
| ၁ | ပုဒ်မ ၁၁၊ ပုဒ်မခွဲ (က) ၏ ဖယား အမှတ်စဉ် ၁၃၊ ပုဒ်မခွဲ(ခ)၏ဖယား အမှတ်စဉ် ၄ နှင့် ပုဒ်မ ၃၄ | အခြားအဖိုးတန် ကျောက် မျက် ရတနာ အရိုင်း ထည်များ | စိန်နှင့် မြ တို့မှအပ မြန်မာ့ကျောက်မျက် ရတနာဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (က) ပါ တူးဖော် ထုတ်လုပ်ရရှိသော ကျောက်မျက်ရတနာ အရိုင်းတုံးများ၊ ခွဲစိတ်ဖြတ်တောက်ထားသော၊ ခွဲစိတ်ပြီး ပွတ်ချောထားသော၊ ထုခွဲထားသောကျောက်မျက်ရတနာအရိုင်းတုံးများနှင့် အပိုင်းအစများကို ဆိုသည်။ |
| ၂ | ပုဒ်မ ၁၁၊ ပုဒ်မခွဲ (က) ၏ ဖယား အမှတ်စဉ်၁၄ ပုဒ်မခွဲ (ခ) ၏ ဖယား အမှတ်စဉ် ၅ နှင့် ပုဒ်မ ၃၄ | အခြား အဖိုးတန် ကျောက်မျက်ရတနာ အချော ထည်များ | စိန်နှင့် မြ တို့မှအပ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (က)ပါ ကျောက်မျက်ရတနာအရိုင်းကို ဖြတ်တောက်ခြင်း၊ သွေးခြင်း၊ အရောင်တင်ခြင်း၊ ပုံဖော်ခြင်းနှင့် ရုပ်တုရုပ်ထွင်း ပြုလုပ်ခြင်း စသည် ဖြင့်ဆင့်တက်ပြုပြင်ခြင်းတို့ ပြုလုပ်ထားသည့် လက်ဝတ်ရတနာ မပြုလုပ်ရသေးသော ကျောက်မျက် ရတနာကို ဆိုသည်။ |

စိုးဝင်း
ပြည်ထောင်စုဝန်ကြီး

စာအမှတ်၊ စဘ / ဘဏ္ဍာ - ၂ / ၁ / ၂၉၅ (၄၉၀၉ /၂၀၁၈)
ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်

<u>ဖြန့်ဝေခြင်း</u>
နိုင်ငံတော်သမ္မတရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနများအားလုံး

ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး

နေပြည်တော်ကောင်စီ

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ရုံးများအားလုံး

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး

မြန်မာနိုင်ငံစာရင်းကောင်စီ

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ရှိ ဌာနအဖွဲ့အစည်းများအားလုံး

ဦးဆောင်ညွှန်ကြားရေးမှူး
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန
(မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းပေးနိုင်ပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။)

ဤဝန်ကြီးရုံး၊ ဌာနခွဲများအားလုံး

မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်
စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)
(ညီနောင်အသင်းများအား ထပ်မံဖြန့်ဝေပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။)

အမိန့်အရ

(မင်းထွဋ်)
ညွှန်ကြားရေးမှူးချုပ်